# ပြည်ထောင်စုမြန်မာနိုင်ငံတော်
# jyewr;

**အမှတ် ၁၄]** ရန်ကုန်မြို့ { ၁၃၇၀ ပြည့်နှစ်၊ နှောင်းတန်ခူးလဆန်း ၉ ရက် ( ၂၀၀၉ ခုနှစ်၊ ဧပြီလ ၃ ရက် ) } **သောကြာနေ့ [ အတွဲ ၆၂**

ဤအပိုင်းကို သီးခြားစုပေါင်း၍တွဲထားနိုင်ရန် သီးခြားစာမျက်နှာတပ်ထားပါသည်။

အပိုင်း ၁

ပြည်ထောင်စုမြန်မာနိုင်ငံတော်

**အစိုးရအဖွဲ့**

**အမိန့်ကြော်ငြာစာအမှတ် ၅၀/၂၀၀၈**

နေပြည်တော်၊ ၁၃၇၀ ပြည့်နှစ်၊ နတ်တော်လဆန်း ၁၄ ရက်
( ၂၀၀၈ ခုနှစ်၊ ဒီဇင်ဘာလ ၁၁ ရက် )

**ရေနံနှင့် သဘာဝဓာတ်ငွေ့ ရှာဖွေထုတ်လုပ်ဝယ်ယူရောင်းချခြင်း လုပ်ငန်းနှင့် ရေနံနှင့် သဘာဝဓာတ်ငွေ့ထွက်ပစ္စည်းများ ထုတ်လုပ်ခြင်း လုပ်ငန်းကို ဆောင်ရွက်ခွင့်ပြုခြင်း**

၁။ ပြည်ထောင်စုမြန်မာနိုင်ငံတော် အစိုးရအဖွဲ့သည် နိုင်ငံတော်ပိုင်စီးပွားရေးလုပ်ငန်းများဥပဒေပုဒ်မ ၄ အရ အပ်နှင်းထားသည့် လုပ်ပိုင်ခွင့်ကို ကျင့်သုံးလျက် ဤအမိန့်ကြော်ငြာစာကို ထုတ်ပြန်လိုက်သည်။

၂။ နိုင်ငံတော်ပိုင်စီးပွားရေးလုပ်ငန်းများ ဥပဒေပုဒ်မ ၃၊ ပုဒ်မခွဲ (ဂ) အရ အစိုးရကသာ နိုင်ငံတော်ပိုင်စီးပွားရေးလုပ်ငန်းအဖြစ် လုပ်ကိုင်ဆောင်ရွက်ခွင့်ရှိသည့် ရေနံနှင့် သဘာဝဓာတ်ငွေ့ ရှာဖွေထုတ်လုပ်ဝယ်ယူရောင်းချခြင်း လုပ်ငန်းနှင့် ရေနံနှင့် သဘာဝဓာတ်ငွေ့ထွက်ပစ္စည်းများ ထုတ်လုပ်ခြင်းလုပ်ငန်းကို ပြည်ထောင်စုမြန်မာနိုင်ငံတော် အစိုးရအဖွဲ့၏ ၂၀၀၈ ခုနှစ်၊ စက်တင်ဘာလ ၁၈ ရက် နေ့စွဲပါအမိန့်ကြော်ငြာစာအမှတ် (၃၂/၂၀၀၈) ခွင့်ပြုချက်ဖြင့် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ Petrovietnam Exploration Production Corporation Ltd., Joint Venture Vietsovpetro နှင့် မြန်မာနိုင်ငံ Eden Group Company Limited တို့အား အောက်ဖော်ပြပါ နယ်မြေသတ်မှတ်ချက်အတိုင်း လုပ်ငန်းစတင်ဆောင်ရွက်သည့်နေ့မှစ၍ လုပ်ကိုင်ဆောင်ရွက်ခွင့်ပြုလိုက်သည် -

**လုပ်ကွက်အမှတ်၊ M-2**

| ပွိုင့်အမှတ် | လတ္တီတွဒ် | လောင်ဂျီတွဒ် |
|---|---|---|
| အေ | ၁၆° ၀၀' ၀၀" | ၉၃° ၂၁' ၀၀" |
| ဘီ | ၁၆° ၀၀' ၀၀" | ၉၄° ၁၁' ၀၀" |
| စီ | ၁၅° ၄၇' ၀၀" | ၉၄° ၄၉' ၀၀" |
| ဒီ | ၁၅° ၂၄' ၀၀" | ၉၄° ၄၉' ၀၀" |
| အီး | ၁၅° ၂၄' ၀၀" | ၉၃° ၂၁' ၀၀" |
| အေ | ၁၆° ၀၀' ၀၀" | ၉၃° ၂၁' ၀၀" |

၃။ လုပ်ကိုင်ဆောင်ရွက်ခွင့်ရသည့် အထက်ပါကုမ္ပဏီများသည် ၂၀၀၈ ခုနှစ်၊ အောက်တိုဘာလ ၂ ရက်နေ့တွင် ချုပ်ဆိုခဲ့ကြသည့် ထုတ်လုပ်မှုအပေါ် ခွဲဝေခံစားရေးစာချုပ်ပါ စည်းကမ်းချက်များနှင့်အညီ လုပ်ကိုင်ဆောင်ရွက်ရမည်။

၄။ စွမ်းအင်ဝန်ကြီးဌာနအား အပိုဒ် ၃ ပါ လုပ်ကိုင်ဆောင်ရွက်ခွင့်ပြုသောလုပ်ငန်းများကို ကြီးကြပ်ကွပ်ကဲရန် လုပ်ပိုင်ခွင့်အပ်နှင်းလိုက်သည်။

အမိန့်အရ

ဗိုလ်မှူးကြီးသန့်ရှင်း

အတွင်းရေးမှူး

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရအဖွဲ့

ပြည်ထောင်စုမြန်မာနိုင်ငံတော်

## ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပရေးကော်မရှင် ကြေညာချက်အမှတ် (၁၇၄၃)

၁၃၇၀ ပြည့်နှစ်၊ နတ်တော်လပြည့်ကျော် ၃ ရက်

( ၂၀၀၈ ခုနှစ်၊ ဒီဇင်ဘာလ ၁၅ ရက် )

အကြောင်းအရာ။ ။ **ကွယ်လွန်အနိစ္စရောက်ခဲ့သည့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံထားရသူ ဦးလှအောင်အား လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံထားရသူစာရင်းမှ ပယ်ဖျက်ခြင်း**

ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ မန္တလေးတိုင်း၊ ဝမ်းတွင်းမြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်အမှတ် (၂) အတွက် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံထားရသူ ဦးလှအောင်သည် ၂၀၀၈ ခုနှစ်၊ နိုဝင်ဘာလ ၁၇ ရက်နေ့တွင် ကွယ်လွန်အနိစ္စရောက်ခဲ့ပါသဖြင့် ဦးလှအောင်အား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံထားရသူစာရင်းမှ ပယ်ဖျက်လိုက်ကြောင်း ကြေညာအပ်ပါသည်။

အမိန့်အရ

ဝင်းကို

အတွင်းရေးမှူး

ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပရေးကော်မရှင်

ပြည်ထောင်စုမြန်မာနိုင်ငံတော်

## တရားရုံးချုပ် အမိန့်ကြော်ငြာစာအမှတ် ၆/၂၀၀၉

နေပြည်တော်၊ ၁၃၇၀ ပြည့်နှစ်၊ ပြာသိုလဆန်း ၁၀ ရက်

( ၂၀၀၉ ခုနှစ်၊ ဇန်နဝါရီလ ၅ ရက် )

တရားရုံးချုပ်သည် ၂၀၀၀ ပြည့်နှစ်၊ တရားစီရင်ရေးဥပဒေပုဒ်မ ၁၃ နှင့်အညီ အောက်ဖော်ပြပါ တွဲဖက်မြို့နယ်တရားသူကြီးများအား ၎င်းတို့တာဝန်ထမ်းဆောင်သော မြို့နယ်အတွင်း ကျင့်သုံးနိုင်ရန်အလို့ငှာ ပြစ်မှုဆိုင်ရာကျင့်ထုံး

ဥပဒေပုဒ်မ ၃၂ (၁) (က) အရ ပထမတန်း ရာဇဝတ်အာဏာနှင့် ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၁၁၀၊ ၁၈၆၊ ၁၉၀၊ ၁၉၂၊ ၂၆၀ နှင့် ၅၂၄ တို့အရ အာဏာများကိုလည်းကောင်း၊ ၁၉၆၁ ခုနှစ် ပြစ်မှုကျူးလွန်တတ်သူများ ခြေချုပ်နှင့် ခံဝန်အက်ဥပဒေအရ အာဏာများကိုလည်းကောင်း အပ်နှင်းလိုက်သည် -

| **အမှတ်စဉ်** | **အမည်နှင့် ကိုယ်ပိုင်အမှတ်** | **တာဝန်ထမ်းဆောင်သည့် မြို့နယ်တရားရုံး** |
| --- | --- | --- |
| ၁။ | ဦးထွန်းထွန်းအောင် တ/၂၄၇၇ | ရွှေဘို |
| ၂။ | ဒေါ်သီသီဦး တ/၂၅၉၆ | ပန်းဘဲတန်း |

အောင်တိုး၊
တရားသူကြီးချုပ်၊
တရားရုံးချုပ်။

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ

# လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

## ဝန်ကြီးရုံး

## အမိန့်ကြော်ငြာစာအမှတ် (၉၈)

နေပြည်တော်၊ ၁၃၇၀ ပြည့်နှစ်၊ နတ်တော်လဆန်း ၆ ရက်
( ၂၀၀၈ ခုနှစ်၊ ဒီဇင်ဘာလ ၃ ရက် )

### နိုင်ငံတော်သီးနှံမျိုးစေ့ကော်မတီနှင့် ကျွမ်းကျင်မှုဆိုင်ရာဆပ်ကော်မတီ ပြန်လည်ဖွဲ့စည်းတာဝန်ပေးအပ်ခြင်း

မြန်မာနိုင်ငံတွင် သီးနှံများစိုက်ပျိုးထုတ်လုပ်မှု တိုးတက်ရေးအတွက် သီးနှံမျိုးသစ်များ တင်သွင်းစိုက်ပျိုးခြင်း၊ မျိုးကောင်းမျိုးသန့်များ ပွားများစိုက်ပျိုးခြင်းများကို ဆောင်ရွက်လျက်ရှိရာ မျိုးအရေအတွက် လိုအပ်သည်ထက် ပိုမိုများပြားနေခြင်း၊ ရောဂါပိုးမွှားများပါလာခြင်း၊ အရည်အသွေးညံ့ဖျင်းသောမျိုးများ ရောက်ရှိစိုက်ပျိုးလာခြင်း၊ သန့်ပြန့်မှုမရှိသည့်မျိုးများ စိုက်ပျိုးလာခြင်း စသည့် မလိုလားအပ်သည့် အခြေအနေများ မဖြစ်ပေါ်စေရေးအတွက် လိုအပ်သည့် စိစစ်ထိန်းကျောင်းခြင်း၊ ကန့်သတ်ထိန်းချုပ်ခြင်းတို့ ဆောင်ရွက်နိုင်ရန်အတွက် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ဝန်ကြီးရုံး၏ ၁၉၉၉ ခုနှစ်၊ ဇူလိုင်လ ၉ ရက်စွဲပါစာအမှတ် ၁/၄ (၉၉)/(၂၆၇၃/၉၉) ဖြင့် နိုင်ငံတော်သီးနှံမျိုးစေ့ကော်မတီနှင့် ကျွမ်းကျင်မှုဆိုင်ရာ ဆပ်ကော်မတီတစ်ရပ် ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့ပါသည်။ ယခုအခါ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအောက်ရှိ လုပ်ငန်း၊ ဦးစီးဌာနများအား တိုးချဲ့ဖွဲ့စည်းခြင်း၊ ပြောင်းလဲဖွဲ့စည်းခြင်းများရှိခဲ့ပါသဖြင့် နိုင်ငံတော်သီးနှံမျိုးစေ့ကော်မတီနှင့် ကျွမ်းကျင်မှုဆိုင်ရာဆပ်ကော်မတီအား အောက်ပါအတိုင်း ပြန်လည်ဖွဲ့စည်းတာဝန်ပေးအပ်လိုက်သည် -

**(က) နိုင်ငံတော်သီးနှံမျိုးစေ့ကော်မတီ**

(၁) ဒုတိယဝန်ကြီး
လယ်ယာစိုက်ပျိုးရေးနှင့်
ဆည်မြောင်းဝန်ကြီးဌာန — ဥက္ကဋ္ဌ

| | | |
|---|---|---|
| (၂) | ဦးဆောင်ညွှန်ကြားရေးမှူး<br>မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း<br>လယ်ယာစိုက်ပျိုးရေးနှင့်<br>ဆည်မြောင်းဝန်ကြီးဌာန | ဒု-ဥက္ကဋ္ဌ |
| (၃) | ညွှန်ကြားရေးမှူးချုပ်<br>စိုက်ပျိုးရေးစီမံကိန်းဦးစီးဌာန<br>လယ်ယာစိုက်ပျိုးရေးနှင့်<br>ဆည်မြောင်းဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၄) | ညွှန်ကြားရေးမှူးချုပ်<br>နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာန<br>အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုး<br>တိုးတက်မှုဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၅) | ညွှန်ကြားရေးမှူးချုပ်<br>အဏုမြူစွမ်းအင်ဦးစီးဌာန<br>သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၆) | ညွှန်ကြားရေးမှူးချုပ်<br>စက်မှုနည်းပညာမြှင့်တင်ရေးနှင့်<br>ပူးပေါင်းဆောင်ရွက်ရေးဦးစီးဌာန<br>သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၇) | ဒုတိယရဲချုပ် (သို့မဟုတ်)<br>ကိုယ်စားလှယ်တစ်ဦး<br>မြန်မာနိုင်ငံပြည်သူ့ရဲတပ်ဖွဲ့<br>ပြည်ထဲရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၈) | ညွှန်ကြားရေးမှူးချုပ်<br>ကုန်သွယ်ရေးဦးစီးဌာန<br>စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး<br>ဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၉) | ညွှန်ကြားရေးမှူးချုပ်<br>အကောက်ခွန်ဦးစီးဌာန<br>ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၁၀) | ဦးဆောင်ညွှန်ကြားရေးမှူး<br>မြန်မာ့စက်မှုသီးနှံဖွံ့ဖြိုးရေးလုပ်ငန်း | အဖွဲ့ဝင် |
| (၁၁) | ပါမောက္ခချုပ်<br>ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ် | အဖွဲ့ဝင် |
| (၁၂) | ညွှန်ကြားရေးမှူးချုပ်<br>ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန | အဖွဲ့ဝင် |
| (၁၃) | ဒု-ဦးဆောင်ညွှန်ကြားရေးမှူး<br>ဝါနှင့် ပိုးချည်လုပ်ငန်းဌာန | အဖွဲ့ဝင် |
| (၁၄) | ဒု-ဦးဆောင်ညွှန်ကြားရေးမှူး<br>နှစ်ရှည်ပင်နှင့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းဌာန | အဖွဲ့ဝင် |
| (၁၅) | ဒု-ဦးဆောင်ညွှန်ကြားရေးမှူး<br>ဂုန်လျှော်နှင့် လျှော်မျှင်များလုပ်ငန်းဌာန | အဖွဲ့ဝင် |
| (၁၆) | ဒု-ဦးဆောင်ညွှန်ကြားရေးမှူး<br>ကြံသီးနှံလုပ်ငန်းဌာန | အဖွဲ့ဝင် |
| (၁၇) | ညွှန်ကြားရေးမှူးချုပ်<br>စိုက်ပျိုးရေးသုတေသနဦးစီးဌာန | အတွင်းရေးမှူး |
| (၁၈) | ဒုတိယညွှန်ကြားရေးမှူးချုပ်<br>စိုက်ပျိုးရေးသုတေသနဦးစီးဌာန | တွဲဖက်အတွင်းရေးမှူး-၁ |

(၁၉) အထွေထွေမန်နေဂျာ — တွဲဖက်အတွင်းရေးမှူး-၂
မျိုးစေ့ဌာနခွဲ၊
မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း

## (ခ) နိုင်ငံတော်သီးနှံမျိုးစေ့ကော်မတီ၏ လုပ်ငန်းတာဝန်ဝတ္တရားများ

(၁) အရည်အသွေးကောင်း သီးနှံမျိုးစေ့များထုတ်လုပ်ခြင်း၊ တင်သွင်းခြင်း၊ ပွားများခြင်း၊ ဖြန့်ဖြူးခြင်း လုပ်ငန်းဆိုင်ရာအပေါ် မူဝါဒချမှတ်ပေးခြင်း။
(၂) မျိုးစေ့ဥပဒေပြဋ္ဌာန်းရေး ဆောင်ရွက်ပေးခြင်း။
(၃) ကျွမ်းကျင်မှုဆိုင်ရာဆပ်ကော်မတီ ဖွဲ့စည်းပေးခြင်း။
(၄) ကျွမ်းကျင်မှုဆိုင်ရာဆပ်ကော်မတီတို့မှ အတည်ပြုတင်ပြလာသည့် သီးနှံမျိုးသစ်များကို မျိုးစေ့မှတ်ပုံတင်ခွင့် (Seed Registration) အတွက် စိစစ်အတည်ပြုခြင်း၊ ခွင့်ပြုချက်ပေးခြင်း။
(၅) ထုတ်ဝေပြီးမျိုးများအနက်မှ မသင့်လျော်တော့သည့် မျိုးများကို အတည်ပြုထားသည့် မျိုးစာရင်းမှ ပယ်ဖျက်ပေးခြင်း။
(၆) မျိုးစေ့အရည်အသွေး ထိန်းသိမ်းရေးဆိုင်ရာ စံချိန်စံညွှန်းများ၊ လုပ်ထုံးလုပ်နည်းများ သတ်မှတ်ပေးခြင်း။
(၇) နိုင်ငံတော်သီးနှံမျိုးစေ့ဖွံ့ဖြိုးရေး စီမံကိန်းအစီအစဉ်များ ချမှတ်ပေးခြင်း။
(၈) မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းနှင့် မြန်မာ့လယ်ယာထွက်ကုန်ပစ္စည်းရောင်းဝယ်ရေးတို့၏ သီးနှံဝယ်ယူဖြန့်ဖြူးရေးဆိုင်ရာ လုပ်ငန်းရပ်များကို ပေါင်းစပ်ညှိနှိုင်းပေးခြင်း။
(၉) စံချိန်စံညွှန်းများနှင့် ကိုက်ညီပြည့်စုံသည့် မျိုးသန့်မျိုးစေ့များအား အတည်ပြုထောက်ခံပေးသည့်အဖွဲ့ ဖွဲ့စည်းပေးခြင်း (Seed Certification Agency)
(၁၀) နိုင်ငံတကာမျိုးစေ့လုပ်ငန်းအဖွဲ့အစည်း (International Seed Organization) များနှင့် ဆက်သွယ်ဆောင်ရွက်ခြင်း။
(၁၁) နိုင်ငံတကာမျိုးစေ့ဆိုင်ရာ နှီးနှောဖလှယ်ပွဲများ (National Seed Symposium) ဆွေးနွေးပွဲများ၊ အလုပ်ရုံဆွေးနွေးပွဲများ (Workshops) ကျင်းပရေးအတွက် ဦးဆောင်ကြီးကြပ်ပေးခြင်း။
(၁၂) ပုဂ္ဂလိကမျိုးစေ့ထုတ်လုပ်သူများ (Private Seed Growers) နှင့် မျိုးစေ့ထုတ်လုပ်သူများအဖွဲ့အစည်း (Seed Growers's Association) များ ဖွဲ့စည်းတည်ထောင်နိုင်ရေးအတွက် ဦးဆောင်လမ်းညွှန်မှုပေးခြင်း။

## (ဂ) ကျွမ်းကျင်မှုဆိုင်ရာ ဆပ်ကော်မတီ

(၁) ဦးဆောင်ညွှန်ကြားရေးမှူး — ဥက္ကဋ္ဌ
မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း
(၂) ညွှန်ကြားရေးမှူးချုပ် — ဒု-ဥက္ကဋ္ဌ
စိုက်ပျိုးရေးသုတေသနဦးစီးဌာန
(၃) အထွေထွေမန်နေဂျာ — အဖွဲ့ဝင်
စိုက်ပျိုးပညာပေးရေးဌာနခွဲ၊
မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း
(၄) ညွှန်ကြားရေးမှူး — အဖွဲ့ဝင်
ဆန်စပါးသုတေသနဌာနခွဲ
စိုက်ပျိုးရေးသုတေသနဦးစီးဌာန
(၅) ပါမောက္ခ — အဖွဲ့ဝင်
ရုက္ခဗေဒဌာန
ရန်ကုန်တက္ကသိုလ်

| | | |
|---|---|---|
| (၆) | အထွေထွေမန်နေဂျာ<br>ဝါနှင့် ပိုးချည်လုပ်ငန်းဌာန | အဖွဲ့ဝင် |
| (၇) | အထွေထွေမန်နေဂျာ<br>နှစ်ရှည်ပင်နှင့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းဌာန | အဖွဲ့ဝင် |
| (၈) | အထွေထွေမန်နေဂျာ<br>ဂုန်လျှော်နှင့် လျှော်မျှင်များလုပ်ငန်းဌာန | အဖွဲ့ဝင် |
| (၉) | အထွေထွေမန်နေဂျာ<br>ကြံသီးနှံလုပ်ငန်းဌာန | အဖွဲ့ဝင် |
| (၁၀) | အထွေထွေမန်နေဂျာ<br>မြန်မာ့စက်မှုသီးနှံဖွံ့ဖြိုးရေးလုပ်ငန်း | အဖွဲ့ဝင် |
| (၁၁) | ကိုယ်စားလှယ်တစ်ဦး<br>ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ် | အဖွဲ့ဝင် |
| (၁၂) | အထွေထွေမန်နေဂျာ<br>မြေအသုံးချရေးဌာနခွဲ<br>မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း | အဖွဲ့ဝင် |
| (၁၃) | ဒုတိယအထွေထွေမန်နေဂျာ<br>သီးနှံကာကွယ်ရေးဌာနခွဲ<br>မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း | အဖွဲ့ဝင် |
| (၁၄) | ဒုတိယအထွေထွေမန်နေဂျာ<br>ဥယျာဉ်ခြံသီးနှံဌာနစိတ်<br>မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း | အဖွဲ့ဝင် |
| (၁၅) | ဒုတိယညွှန်ကြားရေးမှူးချုပ်<br>စိုက်ပျိုးရေးသုတေသနဦးစီးဌာန | အတွင်းရေးမှူး |
| (၁၆) | အထွေထွေမန်နေဂျာ<br>မျိုးစေ့ဌာနခွဲ၊<br>မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း | တွဲဖက်အတွင်းရေးမှူး |

**(ဃ) ကျွမ်းကျင်မှုဆိုင်ရာဆပ်ကော်မတီ၏ လုပ်ငန်းတာဝန်နှင့် ဝတ္တရားများ**

(၁) သီးနှံမျိုးသစ်များ၊ သီးနှံမျိုးသစ်ဆိုင်ရာ သုတေသနတွေ့ရှိချက်များနှင့် မျိုးစေ့မှတ်ပုံတင်ခွင့်ကို နိုင်ငံတော်သီးနှံမျိုးစေ့ကော်မတီသို့ အခါအားလျော်စွာတင်ပြသည့် အတည်ပြုချက်ရယူခြင်း။

(၂) မျိုးသစ်ထုတ်လုပ်ရေး၊ သီးနှံမျိုးစေ့ပွားများထုတ်လုပ်ရေး၊ ထုတ်ဝေပြီးမျိုးများအနက်မှ မသင့်လျော်တော့သည့်မျိုးစေ့များ ပယ်ဖျက်ရေး စသည့်များကို အချက်အလက်များ ခိုင်မာအောင်စိစစ်ပြီး နိုင်ငံတော်သီးနှံမျိုးစေ့ကော်မတီ (NSC) သို့ တင်ပြအတည်ပြုချက်ရယူခြင်း။

(၃) သီးနှံအလိုက် စိုက်ပျိုးရေးဘာသာရပ်အလိုက် ကျွမ်းကျင်သူများဖြင့် လုပ်ငန်းကော်မတီ (Working Group) များ ဖွဲ့စည်းခြင်း။

(၄) သီးနှံအလိုက် ဘာသာရပ်အလိုက် အဖွဲ့များမှ မျိုးစေ့သုတေသနလုပ်ငန်းများဆောင်ရွက်ခြင်း။

(၅) သီးနှံအလိုက် ဖြန့်ဝေပြီးသောမျိုးများ၏ အသေးစိတ်မှတ်တမ်းများကို ပြုစုခြင်း၊ မှတ်တမ်းတင်ခြင်း၊ အခါအားလျော်စွာ ထုတ်ပြန်ကြေညာခြင်းတို့ကို ဆောင်ရွက်ခြင်း။

(၆) သီးနှံမျိုးစေ့ပွားများမည့်ခြံများ သတ်မှတ်ပေးခြင်း။

(၇) နိုင်ငံတော်မျိုးစေ့ကော်မတီမှ ချမှတ်သည့် နိုင်ငံတော်သီးနှံမျိုးစေ့ဖွံ့ဖြိုးရေးစီမံကိန်းအစီအစဉ်များကို စိစစ်ထိန်းကျောင်းခြင်း။

(၈) မျိုးစေ့ထုတ်လုပ်ပွားများခြင်း၊ ဝယ်ယူခြင်း၊ သိုလှောင်ခြင်း၊ ဖြန့်ဖြူးခြင်း စသည့်လုပ်ငန်းများကို ကြီးကြပ်ခြင်း။

(၉) မျိုးစေ့အရည်အသွေး စံချိန်စံညွှန်းနှင့်ပြည့်မီကြောင်း စစ်ဆေး အတည်ပြုပေးခြင်း။ (Seed Certification)

(၁၀) ပြည်တွင်းပုဂ္ဂိုလ်က ကုမ္ပဏီအဖွဲ့အစည်းများ၏ သီးနှံမျိုးစေ့များ ထုတ်လုပ်ခြင်း၊ ဖြန့်ဖြူးခြင်းလုပ်ငန်းများအား စိစစ်ထိန်းကျောင်းခြင်း၊ (Seed Certification နှင့် Seed Registration) တို့အတွက် ကြီးကြပ် ဆောင်ရွက်ခြင်း။

ဗိုလ်ချုပ်ဌေးဦး၊
ဝန်ကြီး၊
ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ၊
လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန။

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ

## အမှတ် (၁) စက်မှုဝန်ကြီးဌာန

## ဝန်ကြီးရုံး

၁၃၇၀ ပြည့်နှစ်၊ ပြာသိုလဆန်း ၆ ရက်
( ၂၀၀၉ ခုနှစ်၊ ဇန်နဝါရီလ ၁ ရက် )

အမှတ် ၆ ။ ။ ၂၀၀၈ ခုနှစ်၊ ဒီဇင်ဘာလ ၃၀ ရက်နေ့တွင်ပြုလုပ်သော အမှတ် (၁) စက်မှုဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ လုပ်ငန်းညှိနှိုင်းအစည်း အဝေးအမှတ်စဉ် (၃၂/၂၀၀၈-၂၀၀၉) ၏ သဘောတူခွင့်ပြုချက်အရ မြန်မာ့ စားသောက်ကုန်လုပ်ငန်း (ရုံးချုပ်) နှင့် စက်ရုံများမှ လစာနှုန်း (၁၀၀,၀၀၀-၂,၀၀၀-၁၁၀,၀၀၀) တန်း အောက်ဖော်ပြပါ အရာထမ်း (၁၆) ဦးတို့အား ယင်းလုပ်ငန်း (ရုံးချုပ်) နှင့် စက်ရုံများတွင် လစ်လပ်လျက်ရှိသည့် လစာနှုန်း (၁၂၀,၀၀၀-၂,၀၀၀-၁၃၀,၀၀၀) တန်း ရာထူးနေရာအသီးသီးသို့ ၂၀၀၈ ခုနှစ်၊ ဒီဇင်ဘာလ ၃၀ ရက်နေ့မှစ၍ တိုးမြှင့်ခန့်ထားလိုက်သည် -

| စဉ် | အမည် | လက်ရှိရာထူးနှင့်ဌာန | တိုးမြှင့်ခန့်ထားသည့် ရာထူးနှင့်ဌာန |
|---|---|---|---|
| (က) | ဦးမျိုးလွင် | လက်ထောက်စက်ရုံမှူး (ကုန်ထုတ်) ပြောင်းဖူးထုတ်ကုန်ပစ္စည်း စက်ရုံ [ဒိုက်ဦးကော်မှုန့်စက်ရုံ၏ စက်ရုံမှူးတာဝန်] | စက်ရုံမှူး ဒိုက်ဦးကော်မှုန့်စက်ရုံ |
| (ခ) | ဦးစိုးလှိုင် | လက်ထောက်စက်ရုံမှူး (ကုန်ထုတ်) ဖေယျဝတီသကြားစက်ရုံ | လက်ထောက်အထွေထွေ မန်နေဂျာ (ကုန်ကြမ်း) မြန်မာ့စားသောက်ကုန် လုပ်ငန်း (ရုံးချုပ်) [ဖေယျဝတီသကြားစက်ရုံ တွဲဖက်] |
| (ဂ) | ဦးဇော်ဝင်းကြည် | လက်ထောက်စက်ရုံမှူး (စီမံခန့်ခွဲရေး) ရန်ကုန် အမှတ် (၁) စီးကရက်စက်ရုံ [အလုံအချိုရည်နှင့် ရေခဲ စက်ရုံတွဲဖက်] | ဒုတိယစက်ရုံမှူး (ကုန်ထုတ်) စက်မှုသုံးအရက်ပြန်စက်ရုံ (ဘီးလင်း) [ဘီးလင်းသကြားစက်ရုံ တွဲဖက်] |

| စဉ် | အမည် | လက်ရှိရာထူးနှင့်ဌာန | တိုးမြှင့်ခန့်ထားသည့် ရာထူးနှင့်ဌာန |
|---|---|---|---|
| (ဃ) | ဦးမျိုးသူရထွေး | စက်ရုံမှူး<br>မကွေးအချိုရည်နှင့် ရေခဲ<br>စက်ရုံ | ဒုတိယစက်ရုံမှူး (ကုန်ထုတ်)<br>ပြောင်းဖူးထုတ်ကုန်<br>ပစ္စည်းစက်ရုံ<br>[မကွေးအချိုရည်နှင့် ရေခဲ<br>စက်ရုံ၏ စက်ရုံမှူးတာဝန်] |
| ( င ) | ဦးဘသိန်းရင် | လက်ထောက်စက်ရုံမှူး<br>(ကုန်ထုတ်)<br>ဘီးလင်းသကြားစက်ရုံ | ဒုတိယစက်ရုံမှူး<br>(ကုန်ထုတ်)<br>ဘီးလင်းသကြားစက်ရုံ |
| ( စ ) | ဦးကျော်ထွန်း | စက်ရုံမှူး<br>ဒဂုန်အချိုရည်နှင့်<br>ရေခဲစက်ရုံ | လက်ထောက်အထွေထွေ<br>မန်နေဂျာ (ကုန်ကြမ်း)<br>မြန်မာ့စားသောက်ကုန်<br>လုပ်ငန်း (ရုံးချုပ်)<br>[ဒဂုန်အချိုရည်နှင့် ရေခဲ<br>စက်ရုံ၏ စက်ရုံမှူးတာဝန်] |
| (ဆ) | ဦးအောင်အောင် | လက်ထောက်စက်ရုံမှူး<br>(ကုန်ထုတ်)<br>ဗာဂျီးနီးယားဆေးလုပ်ငန်း<br>စက်ရုံ<br>[မန္တလေးအချိုရည်စက်ရုံ၏<br>စက်ရုံမှူးတာဝန်] | ဒုတိယစက်ရုံမှူး<br>(ကုန်ထုတ်)<br>ဗာဂျီးနီးယားဆေးလုပ်ငန်း<br>စက်ရုံ<br>[မန္တလေးအချိုရည်စက်ရုံ၏<br>စက်ရုံမှူးတာဝန်] |
| ( ဇ ) | ဒေါ်ခင်မြင့်မူ | မန်နေဂျာ (ကုန်ထုတ်)<br>မြန်မာ့စားသောက်ကုန်<br>လုပ်ငန်း (ရုံးချုပ်)<br>[ရောင်းဝယ်ရေးဌာနတွဲဖက်] | လက်ထောက်အထွေထွေ<br>မန်နေဂျာ (ကုန်ကြမ်း)<br>မြန်မာ့စားသောက်ကုန်<br>လုပ်ငန်း (ရုံးချုပ်)<br>[ရောင်းဝယ်ရေးဌာနတွဲဖက်] |
| (ဈ) | ဒေါ်စပယ် | မန်နေဂျာ (ကုန်ထုတ်)<br>မြန်မာ့စားသောက်ကုန်<br>လုပ်ငန်း (ရုံးချုပ်) | လက်ထောက်အထွေထွေ<br>မန်နေဂျာ (ကုန်ထုတ်)<br>မြန်မာ့စားသောက်ကုန်<br>လုပ်ငန်း (ရုံးချုပ်) |
| (ည) | ဒေါ်ရီရီဝင်း | ဒုတိယစက်ရုံမှူး<br>(ကုန်ထုတ်)<br>ဒိုက်ဦးကော်မှုန့်စက်ရုံ<br>[ဒဂုန်အချိုရည်နှင့် ရေခဲ<br>စက်ရုံတွဲဖက်] | လက်ထောက်ညွှန်ကြား<br>ရေးမှူး (နည်းပညာ)<br>စားသောက်ကုန်ထုတ်လုပ်မှု<br>နည်းပညာဖွံ့ဖြိုးရေးဌာန<br>[ဒဂုန်အချိုရည်နှင့် ရေခဲ<br>စက်ရုံတွဲဖက်] |
| ( ဋ ) | ဒေါ်အေးအေးမြင့် | လက်ထောက်စက်ရုံမှူး<br>(ကုန်ထုတ်)<br>ရန်ကုန် အမှတ် (၁)<br>စီးကရက်စက်ရုံ | လက်ထောက်ညွှန်ကြား<br>ရေးမှူး (နည်းပညာ)<br>စားသောက်ကုန်ထုတ်လုပ်မှု<br>နည်းပညာဖွံ့ဖြိုးရေးဌာန<br>[ရန်ကုန် အမှတ် (၁)<br>စီးကရက်စက်ရုံတွဲဖက်] |
| ( ဌ ) | ဒေါ်ခင်သက်ဝင်း | လက်ထောက်စက်ရုံမှူး<br>(ကုန်ထုတ်)<br>ဗာဂျီးနီးယားဆေးလုပ်ငန်း<br>စက်ရုံ<br>[ဒဂုန်အချိုရည်နှင့် ရေခဲ<br>စက်ရုံတွဲဖက်] | ဒုတိယစက်ရုံမှူး<br>(စီမံရေး)<br>ဗာဂျီးနီးယားဆေးလုပ်ငန်း<br>စက်ရုံ<br>[ဒဂုန်အချိုရည်နှင့် ရေခဲ<br>စက်ရုံတွဲဖက်] |

| စဉ် | အမည် | လက်ရှိရာထူးနှင့်ဌာန | တိုးမြှင့်ခန့်ထားသည့် ရာထူးနှင့်ဌာန |
|---|---|---|---|
| (ခ) | ဦးသန်းညွန့် | လက်ထောက်စက်ရုံမှူး (စီမံခန့်ခွဲရေး) ပခုက္ကူ အမှတ် (၂) စီးကရက်စက်ရုံ | လက်ထောက်အထွေထွေမန်နေဂျာ (စီမံခန့်ခွဲရေး) မြန်မာ့စားသောက်ကုန် လုပ်ငန်း (ရုံးချုပ်) [ပခုက္ကူ အမှတ် (၂) စီးကရက်စက်ရုံတွဲဖက်] |
| (ပ) | ဒေါ်အေးအေးမော် | မန်နေဂျာ(ရောင်းဝယ်ရေး) မြန်မာ့စားသောက်ကုန် လုပ်ငန်း (ရုံးချုပ်) | လက်ထောက်အထွေထွေ မန်နေဂျာ(ရောင်းဝယ်ရေး) မြန်မာ့စားသောက်ကုန် လုပ်ငန်း (ရုံးချုပ်) |
| (ဇ) | ဒေါ်စန္ဒာသိန်း | မန်နေဂျာ (စီမံကိန်း) မြန်မာ့စားသောက်ကုန် လုပ်ငန်း (ရုံးချုပ်) | လက်ထောက်အထွေထွေ မန်နေဂျာ (စီမံကိန်း) မြန်မာ့စားသောက်ကုန် လုပ်ငန်း (ရုံးချုပ်) |
| (တ) | ဦးကျော်စိုးမိုး | ဒုတိယလက်ထောက် ညွှန်ကြားရေးမှူး (ဘဏ္ဍာရေး) စားသောက်ကုန်ထုတ်လုပ်မှု နည်းပညာဖွံ့ဖြိုးရေးဌာန [ဇေယျာဝတီ အမှတ် (၂) အရက်ချက်စက်ရုံတွဲဖက်] | လက်ထောက်စက်ရုံမှူး (ငွေစာရင်း) မန္တလေးဘီယာစက်ရုံ [ဇေယျာဝတီ အမှတ် (၂) အရက်ချက်စက်ရုံတွဲဖက်] |

အောင်သောင်း၊
ဝန်ကြီး၊
ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ၊
အမှတ် (၁) စက်မှုဝန်ကြီးဌာန။

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ

## နိုင်ငံခြားရေးဝန်ကြီးဌာန

နေပြည်တော်၊ ၁၃၇၀ ပြည့်နှစ်၊ ပြာသိုလဆန်း ၁၃ ရက်
( ၂၀၀၉ ခုနှစ်၊ ဇန်နဝါရီလ ၈ ရက် )

အမှတ် ၁၅/၂၀၀၉ ။ ။ ဩစတြေးလျနေသဟာယနိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုမြန်မာနိုင်ငံတော် သံအမတ်ကြီး ဦးလှမြင့်အား ၎င်း၏လက်ရှိတာဝန်ဝတ္တရားများအပြင် နယူးဇီလန်နိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုမြန်မာနိုင်ငံတော် သံအမတ်ကြီးအဖြစ် ပူးတွဲခန့်အပ်လိုက်သည်။

နေပြည်တော်၊ ၁၃၇၀ ပြည့်နှစ်၊ ပြာသိုလပြည့်ကျော် ၅ ရက်
( ၂၀၀၉ ခုနှစ်၊ ဇန်နဝါရီလ ၁၅ ရက် )

အမှတ် ၂၅/၂၀၀၉ ။ ။ နိုင်ငံခြားရေးဝန်ကြီးဌာန၊ အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများနှင့် စီးပွားရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးမြင့်စိုး(၁) အား

၂၀၀၉ ခုနှစ်၊ ဇန်နဝါရီလ ၁၅ ရက်နေ့ နံနက်ပိုင်းမှအစပြု၍ သံတမန်ရေးရာဦးစီးဌာနတွင် ဒုတိယညွှန်ကြားရေးမှူးချုပ် လစာနှုန်း (၁၆၀,၀၀၀-၂,၀၀၀-၁၇၀,၀၀၀) အဖြစ် ရာထူးတိုးမြှင့်ခန့်ထားလိုက်သည်။

အမှတ် ၂၆/၂၀၀၉ ။ ။ နိုင်ငံခြားရေးဝန်ကြီးဌာန၊ နိုင်ငံရေးရာဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးဟောက်ဒိုဆွမ်းအား ၂၀၀၉ ခုနှစ်၊ ဇန်နဝါရီလ ၁၅ ရက်နေ့ နံနက်ပိုင်းမှအစပြု၍ နိုင်ငံရေးရာဦးစီးဌာနတွင် ဒုတိယညွှန်ကြားရေးမှူးချုပ် လစာနှုန်း (၁၆၀,၀၀၀-၂,၀၀၀-၁၇၀,၀၀၀) အဖြစ် ရာထူးတိုးမြှင့်ခန့်ထားလိုက်သည်။

အမှတ် ၂၇/၂၀၀၉ ။ ။ နိုင်ငံခြားရေးဝန်ကြီးဌာန၊ စီမံကိန်းနှင့် စီမံရေးရာဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးသာအောင်ညွှန့်အား ၂၀၀၉ ခုနှစ်၊ ဇန်နဝါရီလ ၁၅ ရက်နေ့ နံနက်ပိုင်းမှအစပြု၍ ဝန်ကြီးရုံးတွင် ဒုတိယညွှန်ကြားရေးမှူးချုပ်/ရုံးအဖွဲ့မှူး လစာနှုန်း (၁၆၀,၀၀၀-၂,၀၀၀-၁၇၀,၀၀၀) အဖြစ် ရာထူးတိုးမြှင့်ခန့်ထားလိုက်သည်။

အမှတ် ၂၈/၂၀၀၉ ။ ။ နိုင်ငံခြားရေးဝန်ကြီးဌာန၊ ဝန်ကြီးရုံးမှ ဒုတိယညွှန်ကြားရေးမှူးချုပ်/ရုံးအဖွဲ့မှူး ဦးသာအောင်ညွှန့်အား စီမံကိန်းနှင့် စီမံရေးရာဦးစီးဌာန၊ ဒုတိယညွှန်ကြားရေးမှူးချုပ်၏ တာဝန်ဝတ္တရားကိုလည်း ပူးတွဲထမ်းဆောင်စေလိုက်သည်။

အမှတ် ၂၉/၂၀၀၉ ။ ။ အောက်ဖော်ပြပါ နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် ပြည်ပမြန်မာသံရုံး၊ အဖွဲ့ရုံး၊ ကောင်စစ်ဝန်ချုပ်ရုံးများမှ ဒုတိယညွှန်ကြားရေးမှူး/သံမှူးများအား ၂၀၀၉ ခုနှစ်၊ ဇန်နဝါရီလ ၁၅ ရက်နေ့ နံနက်ပိုင်းမှအစပြု၍ ညွှန်ကြားရေးမှူး/သံမှူးကြီးများအဖြစ် ရာထူးတိုးမြှင့်ခန့်ထားလိုက်သည် -

| စဉ် | အမည် | လက်ရှိတာဝန်ထမ်းဆောင်နေသည့်ဌာန |
|---|---|---|
| (၁) | ဦးအောင်လတ် | မြန်မာအဖွဲ့ရုံး၊ ဂျီနီဗာမြို့ |
| (၂) | ဦးကျော်ဆွေတင့် | လေ့ကျင့်ရေး၊ သုတေသနနှင့် နိုင်ငံခြားဘာသာ ဦးစီးဌာန |
| (၃) | ဦးဝေလွင်သန်း | ကောင်စစ်ရေးရာနှင့် ဥပဒေရေးရာဦးစီးဌာန |
| (၄) | ဦးသီဟဟန် | မြန်မာသံရုံး၊ ဗီယင်ကျန်းမြို့ |
| (၅) | ဦးအေးကျော်လွင် | သံတမန်ရေးရာဦးစီးဌာန |

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန၏ ၂၀၀၆ ခုနှစ်၊ မတ်လ ၂၄ ရက်နေ့စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၆၁/၂၀၀၆) အား ရည်ညွှန်းလျက် နိုင်ငံခြားရေးဝန်ကြီးဌာနရှိ ညွှန်ကြားရေးမှူးများအတွက် လစာနှုန်းထား (၁၄၀,၀၀၀-၂,၀၀၀-၁၅၀,၀၀၀) အဖြစ်လည်းကောင်း၊ ပြည်ပရှိ မြန်မာသံရုံး၊ အဖွဲ့ရုံး၊ ကောင်စစ်ဝန်ချုပ်ရုံးများတွင် တာဝန်ထမ်းဆောင်စဉ်ကာလအတွင်း သံမှူးကြီးများအတွက် လစာနှုန်းထားကို ယခင်သတ်မှတ်ပေးထားရှိသည့် သံမှူးကြီး လစာနှုန်းထား (၂၂၅၀/- ပုံသေ) အဖြစ်လည်းကောင်း ခံစားခွင့်ပြုလိုက်သည်။

ဉာဏ်ဝင်း၊
ဝန်ကြီး၊
ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ၊
နိုင်ငံခြားရေးဝန်ကြီးဌာန။

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ

# ပို့ဆောင်ရေးဝန်ကြီးဌာန

## အမိန့်အမှတ် ၂/၂၀၀၉

၁၃၇၀ ပြည့်နှစ်၊ ပြာသိုလဆန်း ၆ ရက်

(၂၀၀၉ ခုနှစ်၊ ဇန်နဝါရီလ ၁ ရက်)

ပို့ဆောင်ရေးဝန်ကြီးဌာနသည် မြန်မာနိုင်ငံလေယာဉ်အက်ဥပဒေပုဒ်မ ၅-က၊ ပုဒ်မခွဲ (ဂ) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ လေဆိပ်များရှိ လေယာဉ်လှုပ်ရှားမှုနယ်မြေနှင့် လုံခြုံရေးကန့်သတ်နယ်မြေများသို့ ဝင်ရောက်ခြင်းနှင့် ထွက်ခွာခြင်းဆိုင်ရာကိစ္စရပ်များတွင် လုံခြုံရေးထိန်းချုပ်ဆောင်ရွက်ခြင်းဖြင့် မြို့ပြလေကြောင်းလုံခြုံရေးကို ထိရောက်စွာ ဆောင်ရွက်နိုင်ရန်အလို့ငှာ ဤအမိန့်ကို ထုတ်ပြန်လိုက်သည်။

### လေဆိပ်ဝင်ပေါက်နှင့် ထွက်ပေါက်များလုံခြုံမှု ထိန်းချုပ်ခြင်းဆိုင်ရာအမိန့် လုံခြုံရေးကန့်သတ်နယ်မြေများတွင် လုံခြုံရေးအတွက် အတားအဆီးများ၊ အစောင့်များချထားခြင်း

၁။ လေဆိပ်များရှိ လေယာဉ်လှုပ်ရှားမှုနယ်မြေနှင့် လုံခြုံရေးကန့်သတ်နယ်မြေများတွင် လုံခြုံမှုရှိစေရေးအတွက် အောက်ပါအတိုင်း ဆောင်ရွက်ထားရမည်-

(က) လေယာဉ်လှုပ်ရှားမှုနယ်မြေနှင့် လုံခြုံရေးကန့်သတ်နယ်မြေများအားလုံးကို လုံခြုံစွာ ကာရံထားရမည်။

(ခ) ယင်းနယ်မြေများတွင် အစောင့်အမြဲတမ်းချထားခြင်း သို့မဟုတ် ကင်းလှည့်ခြင်းပြုရမည်။

(ဂ) လေယာဉ်လှုပ်ရှားမှုနယ်မြေတစ်ခုလုံးကို အများပြည်သူသွားလာသော နယ်မြေနှင့် သီးခြားဖြစ်စေပြီး ဖြတ်သန်းသွားလာခြင်း မပြုနိုင်ရန် ခြံစည်းရိုး သို့မဟုတ် အခြားအရာဝတ္ထုများဖြင့် လုံခြုံစွာ တားဆီးကာရံထားရမည်။

(ဃ) လေယာဉ်လှုပ်ရှားမှုနယ်မြေကို လုံခြုံစွာ တားဆီးကာရံနိုင်ခြင်း မရှိသေးပါက ကျော်နင်းဝင်ရောက်မှုကို စစ်ဆေးဖော်ထုတ်နိုင်သည့် စက်ပစ္စည်းကိရိယာများတပ်ဆင်၍ လုံခြုံရေးအစောင့်များဖြင့် အမြဲစောင့်ကြပ်ကြည့်ရှုရမည်။

(င) လုံခြုံရေးကန့်သတ်နယ်မြေနှင့် ဆက်စပ်တည်ရှိသော အဆောက်အအုံများကို လုံခြုံမှုရှိစေရန် စီမံဆောင်ရွက်ထားရမည်။

(စ) လေယာဉ်လှုပ်ရှားမှုနယ်မြေနှင့် လုံခြုံရေးကန့်သတ်နယ်မြေများအတွင်း ရေပြင်နှင့် ချောက်ကမ်းပါးများရှိနေပါက ခြံစည်းရိုးကာရံခြင်း မပြုနိုင်မီ လုံခြုံမှုအပြည့်အဝရှိစေရန် စီမံဆောင်ရွက်ရမည်။ အကယ်၍ ရေပြင်နှင့် ချောက်ကမ်းပါးများ ကျယ်ဝန်းနေပါက လှေဖြင့်လည်းကောင်း၊ ခြေလျင်ဖြင့်လည်းကောင်း၊ ယာဉ်ဖြင့်လည်းကောင်း ကင်းလှည့်ရမည်။

(ဆ) ယင်းနယ်မြေများအတွင်း ဥမင်လိုဏ်ခေါင်းများ၊ မိလ္လာပိုက်များနှင့် မြေအောက်ပိုက်လိုင်းများရှိပါက လုံခြုံမှုရှိစေရန် ဆောင်ရွက်ထားရမည်။ ထို့အပြင် ကျော်နင်းဝင်ရောက်လာသူအား စစ်ဆေးဖော်ထုတ်နိုင်သည့် စက်ပစ္စည်းကိရိယာများ တပ်ဆင်ထားရမည်။

(ဇ) လုံခြုံရေးကန့်သတ်နယ်မြေအတွင်း ဝင်ပေါက်နှင့် ထွက်ပေါက်များတွင် လုံခြုံရေးအစောင့်များထားရှိပြီး သတင်းအချက်အလက်များ ရယူရမည်။

၂။ လေယာဉ်လှုပ်ရှားမှုနယ်မြေနှင့် လုံခြုံရေးကန့်သတ်နယ်မြေများ၏ ဝင်ပေါက်နှင့် ထွက်ပေါက်များတွင် လုံခြုံရေးနှင့်စပ်လျဉ်း၍ ထိန်းချုပ်ဆောင်ရွက်ရာတွင် အောက်ပါစံချိန်စံညွှန်းများနှင့်အညီ ဖြစ်စေရမည် -

(က) တာဝန်ကျ လုံခြုံရေးအစောင့်များက ဝင်ပေါက်နှင့် ထွက်ပေါက် ပတ်ဝန်းကျင်နေရာများကို ရှင်းလင်းစွာ တွေ့မြင်ရမည့်အပြင် အလွယ်တကူဝင်ထွက်ခြင်းလည်း ပြုနိုင်ရမည်။
(ခ) လုံခြုံရေးအစောင့်အတွက် ရာသီဥတုဒဏ်ကို အကာအကွယ်ပေးနိုင်သည့် လေဝင်လေထွက်ကောင်းမွန်သည့် ကင်းရုံအဆောက်အအုံ ရှိရမည်ဖြစ်ပြီး လိုအပ်သော အသုံးအဆောင်ပစ္စည်းများကို ဖြည့်ဆည်းပေးရမည်။
(ဂ) လုံခြုံရေးအစောင့်က ရှင်းရှင်းလင်းလင်း မြင်နိုင်စေရန် လုံခြုံရေးဂိတ်နေရာနှင့် ခြံစည်းရိုးပတ်ဝန်းကျင်တို့တွင် လုံလောက်သော မီးအလင်းရောင် ထွန်းညှိထားရှိရမည်။
(ဃ) အဝင်အထွက် ထိန်းချုပ်သောနေရာများနှင့် မော်တော်ယာဉ် အသွားအလာအတွက် အတားအဆီး ပစ္စည်းကိရိယာတို့သည် ခြံစည်းရိုးအတွင်း ရှိရမည်။
(င) မော်တော်ယာဉ်ဝင်ထွက်မှုကို ထိန်းချုပ်ရန် မောင်းတံများ ထားရှိရမည်ဖြစ်ပြီး အပြင်ဂိတ်တံခါးသည် ဖြုတ်၍မရသော အပြင်ဖွင့်တံခါးဖြစ်၍ သော့ခတ်ထားရမည်။
(စ) လမ်းလျှောက်လာသူများနှင့် မော်တော်ယာဉ်ပေါ်တွင် ပါရှိသူအားလုံးကို စက်ပစ္စည်းကိရိယာ (Screening) ဖြင့် သေချာစွာစစ်ဆေးရမည်။
(ဆ) ဗဟိုလုံခြုံမှု ထိန်းချုပ်မှုဌာနသို့ ဆက်သွယ်နိုင်သော သင့်လျော်သည့် အချက်ပေးကိရိယာများ တပ်ဆင်ထားရှိရမည်။
(ဇ) မော်တော်ယာဉ် အဝင်အထွက်များပါက ဝင်ထွက်နိုင်ရန် သီးခြားလမ်းကြောင်းများနှင့်ဂိတ်များ၊ မော်တော်ယာဉ်အသွားအလာအတွက် သီးခြားအတားအဆီး ပစ္စည်းကိရိယာများ ထားရှိရမည်။

၃။ လုံခြုံရေးကန့်သတ်ချက်နယ်မြေများအတွင်းသို့ ဝင်ရောက်ခြင်း၊ ထွက်ခွာခြင်းများနှင့်စပ်လျဉ်း၍ လုံခြုံမှုရှိစေရန် အောက်ပါအတိုင်း ထိန်းချုပ်ဆောင်ရွက်ရမည် -

(က) လုံခြုံရေးကန့်သတ်နယ်မြေများအတွင်းသို့ ဝင်ထွက်ခြင်းများကို တင်းကျပ်စွာ ထိန်းချုပ်ထားရမည်။
(ခ) ဝင်ထွက်ခြင်းကိစ္စများအတွက် ဝင်ပေါက်နှင့် ထွက်ပေါက်အရေအတွက် အနည်းဆုံးဖြစ်စေရန် လျှော့ချအသုံးပြုရမည်။
(ဂ) ဝင်ပေါက်နှင့် ထွက်ပေါက်များ ထိရောက်သည့် လုံခြုံမှုရှိစေရန် သော့ပိတ်ထားခြင်း သို့မဟုတ် အစောင့်ချထားခြင်းပြုရမည်။
(ဃ) လိုအပ်သည့် တာဝန်ရှိဝန်ထမ်းများကိုသာ ဝင်ထွက်ခွင့်ပြုရမည်။
(င) လုပ်ငန်းလိုအပ်ချက်အရ မော်တော်ယာဉ်အရေအတွက်ကိုလည်း အနည်းဆုံးဖြစ်စေရန် လျှော့ချပြီးဝင်ထွက်စေရမည်။
(စ) ဝင်ပေါက်နှင့် ထွက်ပေါက်များအားလုံး အသုံးမပြုမီ စနစ်တကျ ကြိုတင်ရှာဖွေခြင်း၊ စစ်ဆေးခြင်းပြုရမည်။
(ဆ) လေဆိပ်ဝင်ထွက်သူအားလုံး သတ်မှတ်ထားသော လုံခြုံရေးဝင်ထွက်ခွင့်ကတ်ပြားဖြင့်သာ ဝင်ထွက်ခွင့်ပြုရမည်။
(ဇ) ဘေးအန္တရာယ်ရှိနိုင်သည်ဟု ယူဆပါက မသင်္ကာသူများကို စက်ပစ္စည်းကိရိယာဖြင့် ရှာဖွေစစ်ဆေးခြင်း (Screening) ပြုရမည်။
(ဈ) ခရီးသည်ဝန်စည်စလယ်နှင့် လေဆိပ်အတွင်း ကန့်သတ်နယ်မြေသို့ သယ်ယူသည့်ပစ္စည်းများအား စက်ပစ္စည်းကိရိယာဖြင့် ရှာဖွေစစ်ဆေးရမည်။
(ည) လုံခြုံရေးကန့်သတ်နယ်မြေတွင် လုံခြုံရေးတာဝန်ထမ်းဆောင်နေသော ဝန်ထမ်းများ၏ တာဝန်ဝတ္တရားများနှင့် စည်းမျဉ်းစည်းကမ်းများကို

သတ်မှတ်ထုတ်ပြန်ထားပြီး ထိုကန့်သတ်နယ်မြေအတွင်း တာဝန်အရ ဝင်ရောက်လုပ်ကိုင်ခွင့်ရှိသည့် အဖွဲ့အစည်းများနှင့် ပုဂ္ဂိုလ်များအားလုံးကို အသိပေးထားရမည်။

(ဎ) လုံခြုံရေးကန့်သတ်နယ်မြေအတွင်း ခွင့်ပြုချက်မရဘဲ တမင်ကျော်နင်းဝင်ရောက်သူ သို့မဟုတ် ကျော်နင်းဝင်ရောက်ရန် အားထုတ်သူကို တည်ဆဲဥပဒေနှင့်အညီ ချက်ချင်းအရေးယူနိုင်ရန် ဆောင်ရွက်ရမည်။

(ဏ) လုံခြုံရေးကန့်သတ်နယ်မြေတွင်ဖြစ်စေ၊ လေဆိပ်အတွင်း လေကြောင်းပျံသန်းရေးဆိုင်ရာ ပစ္စည်းကိရိယာများ ထားရှိသည့်နေရာ တစ်ခုခုတွင်ဖြစ်စေ ခွင့်ပြုချက်မရရှိဘဲ ဝင်ရောက်နေသူအား တွေ့ရှိပါက ဖမ်းဆီးခံရမည့်အပြင် ပြစ်မှုကျူးလွန်ဖွယ်ရာရှိကြောင်း သံသယရှိပါက ထိုသူအား ရှာဖွေခြင်း၊ စစ်ဆေးခြင်းပြုရမည်။

**ဝင်ပေါက်နှင့်ထွက်ပေါက်များတွင် လုံခြုံရေးအစောင့်ဖြင့် စောင့်ကြပ်ထိန်းချုပ်ခြင်းနှင့် အလိုအလျောက်စက်ဖြင့် စောင့်ကြပ်ထိန်းချုပ်ခြင်း**

၄။ ဝင်ပေါက်နှင့်ထွက်ပေါက်များတွင် အောက်ပါလုံခြုံမှု ထိန်းချုပ်ရေးစနစ်များနှင့်အညီ ဆောင်ရွက်ရမည် -

(က) ဝင်ပေါက်နှင့်ထွက်ပေါက်များအား လူဖြင့်စောင့်ကြပ်စစ်ဆေးခြင်းတွင်-

(၁) လုံခြုံရေးကင်းတာဝန်ကျသူသည် လူတစ်ဦးချင်းအား စစ်ဆေး၍ ဝင်ပေါက်မှ ဝင်ထွက်ခွင့်ပြုရမည်ဖြစ်ပြီး ဘေးမှ ဖြတ်သန်းဝင်ရောက်ခြင်း မပြုစေရ။

(၂) မည်သည့်အတွက် ဝင်ရောက်လိုခြင်းဖြစ်ကြောင်း မေးမြန်းရမည်။

(၃) သတ်မှတ်ထားသော တရားဝင်လေဆိပ်လုံခြုံရေး ဝင်ထွက်ခွင့်ကတ်ပြားဖြင့် ဝင်ထွက်ခြင်း ဟုတ်၊ မဟုတ်နှင့် ထိုကတ်ပြားပါအချက်အလက်များနှင့် မှန်ကန်မှု ရှိ၊ မရှိ တိုက်ဆိုင်၍ သေချာစွာစစ်ဆေးရမည်။

(ခ) ဝင်ပေါက်နှင့် ထွက်ပေါက်များအား အလိုအလျောက်စက်ဖြင့် စောင့်ကြပ်စစ်ဆေးခြင်းတွင် -

(၁) အာရုံခံစနစ်ဖြင့် (sensors to detect) စူးစမ်းထောက်လှမ်းသော လုံခြုံမှုဆိုင်ရာ စက်ကိရိယာကို ခိုင်မာစွာ တည်ဆောက်ထားရမည်။

(၂) အီလက်ထရောနစ်စနစ်ဖြင့် ဝင်ရောက်ခွင့်သက်တမ်းကို သတ်မှတ်ထားရမည်။

(၃) ဝင်ရောက်သူကို အာရုံခံစနစ်ဖြင့် စူးစမ်းပြီး ပုံမှန်မဟုတ်သော ဝင်ရောက်ခြင်းကို ဆက်သွယ်အသိပေးခြင်း ပြုနိုင်ရမည်။ ဧည့်သည်စားပေး ဝင်ရောက်ရန် လိုအပ်သူများ အသုံးပြုရန် အခြားဝင်ပေါက်လည်း ရှိရမည်။

(၄) တရားဝင် ဝင်ထွက်ခွင့်ကတ်ပြားကိုင်ဆောင်သူ တစ်ဦးချင်းကိုသာ ဝင်ခွင့်ပြုပြီး တစ်ချိန်တည်းတွင် အခြားသူ ဝင်ရောက်နိုင်ခြင်းကို တားဆီးသည့်အစီအမံ ပြုလုပ်ထားရမည်။

(၅) လုံခြုံရေးဖောက်ဖျက်သူကို အရေးယူရန်ဖြစ်စေ၊ အရေးပေါ်အခြေအနေတွင် ရောက်ရှိဆောင်ရွက်ရန်ဖြစ်စေ လူအစောင့်ထားရှိရမည်။

**လေဆိပ်ဝန်ထမ်းများအား ထုတ်ပေးထားသော လေဆိပ်လုံခြုံရေးအသိအမှတ်ပြု ဝင်ထွက်ခွင့်လက်မှတ်**

၅။ လေဆိပ်တွင် တာဝန်ထမ်းဆောင်သည့် ဝန်ထမ်းများနှင့် လေဆိပ်အတွင်း အလုပ်လုပ်ကိုင်သူအားလုံးသည် လေဆိပ်၊ လေယာဉ်လှုပ်ရှားမှုနယ်မြေနှင့် လုံခြုံရေးကန့်သတ်နယ်မြေများသို့ ဝင်ထွက်ခြင်းနှင့်စပ်လျဉ်း၍ -

(က) တစ်ဦးချင်းကို ထုတ်ပေးထားသော လုံခြုံရေးအသိအမှတ်ပြုကတ်ပြားကို တပ်ဆင်၍ သတ်မှတ်ခွင့်ပြုထားသော နယ်မြေအတွင်း ဝင်ထွက်ခွင့်ရှိသည်။
(ခ) ဝင်ထွက်ခြင်းနှင့်စပ်လျဉ်း၍ အသုံးပြုသည့် မော်တော်ယာဉ်များတွင်လည်း ထုတ်ပေးထားသည့် အသိအမှတ်ပြုကတ်ပြားများကို တပ်ဆင်အသုံးပြုရမည်။
(ဂ) ဝင်ထွက်ခြင်းနှင့်စပ်လျဉ်းသည့် သတ်မှတ်ထားသော စည်းမျဉ်းစည်းကမ်းများနှင့်အညီ တိကျစွာ လိုက်နာဆောင်ရွက်ရမည်။
(ဃ) သတ်မှတ်ထားသော ဂိတ်များနှင့် လမ်းကြောင်းများမှ ဝင်ထွက်ခြင်းပြုရမည်။
(င) ဝင်ရောက်သူနှင့် ပစ္စည်းများအားရှာဖွေခြင်း၊ စစ်ဆေးမေးမြန်းခြင်းများ ပြုလုပ်ရမည်။
(စ) လုံခြုံမှုထိန်းချုပ်ခြင်းကို ထိခိုက်စေနိုင်သည်ဟု သံသယရှိပါက ဝင်ထွက်ခြင်းကို ငြင်းပယ်ရမည်။

## လေယာဉ်အမှုထမ်းများ

၆။ ပြည်တွင်းလေယာဉ်အမှုထမ်းများသည် လေဆိပ်ဝန်ထမ်းများ လိုက်နာရမည့် နည်းလမ်းများအတိုင်း လိုက်နာဆောင်ရွက်ရမည်။

၇။ ပြည်ပလေယာဉ်အမှုထမ်းများသည် -
(က) ၎င်းတို့အား ထုတ်လုပ်ပေးထားသည့် တာဝန်ထမ်းဆောင်မှုဆိုင်ရာကတ်ပြားများကို တပ်ဆင်၍ သတ်မှတ်ခွင့်ပြုသည့်နယ်မြေအထိ သာ ဝင်ထွက်ကြရမည်။
(ခ) စက်နှင့် ဖတ်ရှုစစ်ဆေးနိုင်သော ခရီးသွားလာမှုဆိုင်ရာ စာရွက်စာတမ်းများကို ယူဆောင်လာရမည်။
(ဂ) လုပ်ငန်းတာဝန်အဆင့်အလိုက် သတ်မှတ်ထားသော ဝတ်စုံများကို ဝတ်ဆင်ရမည်။

## ခရီးသည်များ

၈။ (က) ခရီးသည်များသည် လေယာဉ်လက်မှတ်၊ လေယာဉ်တက်ခွင့် လက်မှတ်နှင့် သက်ဆိုင်ရာ အစိုးရက ထုတ်ပေးထားသည့် နိုင်ငံကူးလက်မှတ်ကဲ့သို့သော တရားဝင်အထောက်အထားများကို လေယာဉ်လှုပ်ရှားမှုနယ်မြေအတွင်းသို့ဖြစ်စေ၊ လုံခြုံရေးကန့်သတ်နယ်မြေအတွင်းသို့ဖြစ်စေ၊ လေယာဉ်ပေါ်တက်သည့်အခါဖြစ်စေ ပြသနိုင်ရမည်။
(ခ) ခရီးသည်များအား လာရောက်ကြိုဆိုတွေ့ဆုံသည့်သူများကို လေယာဉ်လှုပ်ရှားမှုနယ်မြေသို့ဖြစ်စေ၊ လုံခြုံရေးကန့်သတ်နယ်မြေသို့ဖြစ်စေ ဝင်ခွင့်မပြုရ။

## မော်တော်ယာဉ်ဝင်ထွက်ခွင့် အသိအမှတ်ပြုလက်မှတ်

၉။ (က) လေယာဉ်အတွက် ဝန်ဆောင်မှုပေးခြင်းမပြုသည့် မော်တော်ယာဉ်များကို လုံခြုံရေးအတွက်လည်းကောင်း၊ လေယာဉ်ရပ်နားမှုကို အနှောင့်အယှက်မဖြစ်စေရန်လည်းကောင်း၊ လေယာဉ်လှုပ်ရှားမှုနယ်မြေအတွင်းသို့ ဝင်ထွက်ခွင့်မပြုရ။
(ခ) လေယာဉ်အတွက် အမြဲတမ်းပုံမှန်ဝန်ဆောင်မှုပေးရန် လိုအပ်သော မော်တော်ယာဉ်များကို ဝန်ဆောင်မှုအတွက် အသုံးမပြုသည့်အချိန်များတွင် ဆက်လက်၍ ဝန်ဆောင်မှုပေးနိုင်ရန်အတွက် ဖြစ်နိုင်ပါက လေယာဉ်လှုပ်ရှားမှုနယ်မြေအတွင်း ရပ်နားထားရှိစေရမည်။
(ဂ) လေယာဉ်လှုပ်ရှားမှုနယ်မြေနှင့် လုံခြုံရေးကန့်သတ်နယ်မြေအတွင်းသို့ ဝင်ထွက်ခွင့်ပြုထားသည့် မော်တော်ယာဉ်များနှင့်စပ်လျဉ်း၍

တစ်ခါတစ်ရံမှသာ ဝင်ထွက်သည့်မော်တော်ယာဉ်များ၊ လေယာဉ်ပေါ်သို့ ခရီးသည်ဖြစ်စေ၊ ကုန်စည်ဖြစ်စေ တိုက်ရိုက်အတင်အချပြုလုပ်သည့် မော်တော်ယာဉ်များ၊ ကန်ထရိုက်တာများနှင့် ဆောက်လုပ်ရေးလုပ်ငန်းများအတွက် ထောက်ပံ့သည့်မော်တော်ယာဉ်များကို ထင်ထင်ရှားရှားဖြင့် ခွဲခြား၍သိရှိနိုင်ရန် အဆိုပါ မော်တော်ယာဉ်များအတွက် ဝင်ထွက်ခွင့်အသိအမှတ်ပြုလက်မှတ်များ ပြုလုပ်ထားရမည်။

(ဃ) မော်တော်ယာဉ်များသည် လေယာဉ်လှုပ်ရှားမှုနယ်မြေအတွင်း ခွင့်ပြုထားသည့် သတ်မှတ်ဧရိယာအတွင်းသာ သွားလာမောင်းနှင်ခွင့်ရှိသည်။

(င) ဝင်ထွက်ခွင့်ရရှိသော မော်တော်ယာဉ်ပေါ်တွင် ပါရှိသူများ၏ ဝင်ထွက်ခွင့်ကတ်ပြားများကို စစ်ဆေးရမည်။

(စ) လေယာဉ်လှုပ်ရှားမှုနယ်မြေအတွင်း အသုံးပြုထားသော မော်တော်ယာဉ်များအား အသုံးပြုခြင်းမရှိသည့်အချိန်တွင် လုံခြုံစွာထားရှိရမည်ဖြစ်ပြီး ပြန်လည်အသုံးမပြုမီ စစ်ဆေးမှုပြုလုပ်ရမည်။ အထူးသဖြင့် လုံခြုံရေးကန့်သတ်နယ်မြေပြင်ပတွင် အသုံးပြုသော သို့မဟုတ် ရပ်နားထားသော မော်တော်ယာဉ်များကို လေယာဉ်သို့ ဝန်ဆောင်မှုပေးရန် မလာရောက်မီ သေချာစွာ ရှာဖွေစစ်ဆေးမှုပြုရမည်။

ဗိုလ်ချုပ်သိန်းဆွေ၊
ဝန်ကြီး၊
ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ၊
ပို့ဆောင်ရေးဝန်ကြီးဌာန။

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ

## ပညာရေးဝန်ကြီးဌာန

## ဝန်ကြီးရုံး

၁၃၇၀ ပြည့်နှစ်၊ ပြာသိုလဆန်း ၆ ရက်
( ၂၀၀၉ ခုနှစ်၊ ဇန်နဝါရီလ ၁ ရက် )

အမှတ် ၂။ ။ မြစ်ကြီးနားတက္ကသိုလ် ပါမောက္ခချုပ် ဦးစိုးသည် ၂၀၀၉ ခုနှစ်၊ ဖေဖော်ဝါရီလ ၂ ရက်နေ့တွင် ငြိမ်းပယ်ခွင့် စတင်ခံစားမည်ဖြစ်ပါ၍ တောင်ကြီးတက္ကသိုလ် ဒုတိယပါမောက္ခချုပ် ဒေါက်တာမောင်မောင်အား မြစ်ကြီးနားတက္ကသိုလ်၏ တာဝန်ခံပါမောက္ခချုပ်အဖြစ် တွဲဖက်တာဝန်ချထားလိုက်သည်။

၁၃၇၀ ပြည့်နှစ်၊ ပြာသိုလပြည့်ကျော် ၉ ရက်
( ၂၀၀၉ ခုနှစ်၊ ဇန်နဝါရီလ ၁၉ ရက် )

အမှတ် ၃။ ။ ၂၀၀၉ ခုနှစ်၊ ဇန်နဝါရီလ ၁၇ ရက်နေ့တွင် ကျင်းပပြီးစီးသော ပညာရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၁/၂၀၀၉) ၌ ဆုံးဖြတ်ချက်အရ မန္တလေးတက္ကသိုလ်၊ ရှေးဟောင်းသုတေသနပညာဌာန၊ ပါမောက္ခ လစာနှုန်း (၁၄၀,၀၀၀-၂,၀၀၀-၁၅၀,၀၀၀) ဒေါက်တာဒေါ်ကြော့မှုံးအောင်အား ဒဂုံတက္ကသိုလ်၊ ရှေးဟောင်းသုတေသနပညာဌာန၊ ပါမောက္ခအဖြစ် ပြောင်းရွှေ့ခန့်ထားလိုက်သည်။

ဒေါက်တာချမ်းငြိမ်း၊
ဝန်ကြီး၊
ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ၊
ပညာရေးဝန်ကြီးဌာန။

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ

## ကျန်းမာရေးဝန်ကြီးဌာန

၁၃၇၀ ပြည့်နှစ်၊ ပြာသိုလဆန်း ၇ ရက်

( ၂၀၀၉ ခုနှစ်၊ ဇန်နဝါရီလ ၂ ရက် )

အမှတ် ၄ ။ ။ ၂၀၀၉ ခုနှစ်၊ ဇန်နဝါရီလ ၂ ရက်နေ့တွင် ကျင်းပပြုလုပ်သော ကျန်းမာရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၁/၂၀၀၉) ၏ သဘောတူဆုံးဖြတ်ချက်အရ ဆေးတက္ကသိုလ် (၂) ရန်ကုန်၊ ကာကွယ်ရေးနှင့် လူမှုရေးဆေးပညာဌာနမှ ဘွဲ့လွန်ကထိက ဒေါက်တာဒေါ်မြင့်ရီ M.Med.Sc (P & TM),Dip.Med.Ed (ဆမ-၆၁၇၀) လစာနှုန်း (၁၂၀,၀၀၀-၂,၀၀၀-၁၃၀,၀၀၀) အား အလုပ်တာဝန်များ စတင်ထမ်းဆောင်သည့်နေ့မှစ၍ ပြည်သူ့ကျန်းမာရေးကွင်းဆင်းသင်တန်းဌာန၊ လှည်းကူးသို့ ဘွဲ့လွန်ကထိက (တွဲဖက်ပါမောက္ခရာထူးကို ကျောထောက်နောက်ခံပြု၍) လစာနှုန်း (၁၂၀,၀၀၀-၂,၀၀၀-၁၃၀,၀၀၀) အဖြစ် ရာထူးပြောင်းရွှေ့ခန့်ထားလိုက်သည်။

**မှတ်ချက်** ။ ။ ရာထူးပြောင်းရွှေ့ခန့်ထားသည့် ဘွဲ့လွန်ကထိကသည် ဆေးသိပ္ပံပညာဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်ထံ လာရောက်တွေ့ဆုံရန်နှင့် သက်ဆိုင်ရာဌာနအကြီးအကဲမှ ရာထူးပြောင်းရွှေ့အမိန့်စာထွက်ပြီး သတ်မှတ်ရက်အတွင်း (သတ်မှတ်ရက်အတွင်း) အလုပ်တာဝန်များ လွှဲပြောင်းလက်ခံပြီး ပြောင်းရွှေ့စေရန်ဖြစ်သည်။

အမှတ် ၅ ။ ။ ၂၀၀၉ ခုနှစ်၊ ဇန်နဝါရီလ ၂ ရက်နေ့တွင် ကျင်းပပြုလုပ်သော ကျန်းမာရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၁/၂၀၀၉) ၏ သဘောတူဆုံးဖြတ်ချက်အရ ဆေးတက္ကသိုလ် (၁) ရန်ကုန်၊ ခန္ဓာဗေဒဌာနမှ ကထိက ဒေါက်တာဦးတေဇာတင် M.Med.Sc (Anatomy) (ဆမ-၁၁၉၁၀) လစာနှုန်း (၁၀၀,၀၀၀-၂,၀၀၀-၁၁၀,၀၀၀) အား အလုပ်တာဝန်များ စတင်ထမ်းဆောင်သည့်နေ့မှစ၍ သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်-ရန်ကုန်၊ ခန္ဓာဗေဒဌာနသို့ ကထိက လစာနှုန်း (၁၀၀,၀၀၀-၂,၀၀၀-၁၁၀,၀၀၀) အဖြစ် ရာထူးပြောင်းရွှေ့ခန့်ထားပြီး ဌာနမှူးတာဝန်ထမ်းဆောင်ရန် တာဝန်ပေးအပ်လိုက်သည်။

အမှတ် ၆ ။ ။ ၂၀၀၉ ခုနှစ်၊ ဇန်နဝါရီလ ၂ ရက်နေ့တွင် ကျင်းပပြုလုပ်သော ကျန်းမာရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၁/၂၀၀၉) ၏ သဘောတူဆုံးဖြတ်ချက်အရ ဆေးတက္ကသိုလ် (၂) ရန်ကုန်၊ ခန္ဓာဗေဒဌာနမှ လက်ထောက်ကထိက ဒေါက်တာဒေါ်သီတာသန်း M.Med.Sc (Anatomy) (ဆမ-၁၆၁၀၆) လစာနှုန်း (၈၀,၀၀၀-၂,၀၀၀-၉၀,၀၀၀) အား အလုပ်တာဝန်များ စတင်ထမ်းဆောင်သည့်နေ့မှစ၍ ဆေးတက္ကသိုလ်-မန္တလေး၊ ခန္ဓာဗေဒဌာနသို့ ကထိက လစာနှုန်း (၁၀၀,၀၀၀-၂,၀၀၀-၁၁၀,၀၀၀) အဖြစ် ရာထူးတိုးမြှင့်ပြောင်းရွှေ့ခန့်ထားလိုက်သည်။

**မှတ်ချက်** ။ ။ ရာထူးတိုးမြှင့်/ပြောင်းရွှေ့ခန့်ထားသည့် ကထိကများသည် ဆေးသိပ္ပံပညာဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်ထံ လာရောက်တွေ့ဆုံရန်နှင့် သက်ဆိုင်ရာဌာနအကြီးအကဲမှ ရာထူးပြောင်းရွှေ့အမိန့်စာထွက်ပြီး သတ်မှတ်ရက်အတွင်း (သတ်မှတ်ရက်အတွင်း) အလုပ်တာဝန်များ လွှဲပြောင်းလက်ခံပြီး ပြောင်းရွှေ့စေရန်ဖြစ်သည်။

ပါမောက္ခဒေါက်တာကျော်မြင့်၊
ဝန်ကြီး၊
ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ၊
ကျန်းမာရေးဝန်ကြီးဌာန။